mgyoe.com

ကိုကြိုသော လေငွေ့ထဲတွင် သစ်ပင်တွေ ကိုင်းကိုင်းညွတ်ညွတ်ရှိနေသည်ကို မြင်ရ၏။

ညစ်ပတ်၍ စွတ်စိုမှောင်မိုက်သော အခန်းကျဉ်းရှည်ရှည်မျောမျော တစ်ခုအတွင်းသို့ သူမရောက်ရှိနေပြန်သည်။ ထိုနေရာသည် သူမထိုင်နေကျ ကဖေးဆိုင်လေးဖြစ်၏။ ဝိုးတဝါးမီးရောင် မှိန်မှိန်အောက်၊ အခန်းပြည့် စားပွဲတိုင်းတွင် ကိုယ့်အုပ်စုနှင့်ကိုယ် ထိုင်နေကြသူများ၊ ကျယ်လောင်စွာ အော်ဟစ်ပြောဆိုနေကြသံများ၊ ဒေါသတကြီး ငြင်းခုံကြသံများ၊ တစ်ချက်တစ်ချက်တွင် တစ်ရှိုက်တစ်ယောက်၏ စိတ်လိုလက်ရ သီချင်းအော်ဆိုလိုက်သံ၊ ခုံကိုလက်ဖြင့်ရိုက်ကာ စည်းချက်လိုက်သံများကို ကြားရသည်။

တစ်ချိန်လုံး တဖြောက်ဖြောက် ရွာချနေသော မိုးစက်တို့သည် ဆိုင်တံစက်မြိတ်မှတစ်ဆင့် ငြီးငွေ့ဖွယ်ရာ တစ်စက်ချင်း စီးကျနေ၏။ အေးစက်ထိုင်းမှိုင်းသော လေထုကြောင့် အသက်ရှူရသည်မှာ မပေါ့ပါး။ စားပွဲတစ်ဝိုင်းနှင့်တစ်ဝိုင်း ပြွတ်သိပ်ကျပ်ညပ်ထိုင်နေကြသူ အားလုံးလိုလို၏ မျက်နှာများတွင် ရေခဲငွေ့တို့ သီးနေသည်ဟုပင် အောက်မေ့ရသည်။ တစ်ဝက်တစ်ပျက်အလင်းရောင်ကျနေသော မျက်နှာတို့၏ အစိတ်အပိုင်းတိုင်းသည် အဆီပြန်လျက် ဝါကြန့်ကြန့်နီကြင်ကြင် ဖြစ်နေကြပြီး အမှောင်ရိပ်ကျနေသောအပိုင်းများတွင် ကြောက်မက်ဖွယ်ကောင်းလောက်အောင် လျှို့ဝှက်သည့်ခံစားမှုတို့ဖြင့် ပြည့်နှက်နေကြ၏။

စီးကရက်ဆေးလိပ် အငွေ့ပေါင်းစုံတို့သည် တထောင်းထောင်း ရောယှက်လွင့်တက်ကာ ဦးခေါင်းများအထက်နားတစ်ဝိုက်တွင် တိမ်ဖွဲ့အုံ့ခိုနေကြသည်။ နိမ့်သောအမိုးမျက်နှာကြက်မှ ညစ်ပတ်ရုပ်ထွေးစွာ တို့လို့တွဲလောင်းကျနေသည့် ပင့်ကူအိမ်များ ပိုးမျှင်များသာည် ထိုမီးခိုးငွေ့ခဲတို့နှင့်ရောယှက်ကာ စိတ်မချမ်းသာဖွယ်ရာ အရောင်အဆင်းဖြင့် ကျက်သရေမဲ့လျက်သားရှိ၏။

တစ်ဆိုင်လုံးရှိ ထိုင်နေကြသူများ၊ သူတို့စားပွဲမှ အသီးသီးထလာနေကြသည်ကို မြင်ရသည်။ သူတို့ သူမဆီသို့ လာနေကြသည်။ သူမကို ချီးကျူးစကားတွေ ပြောကြသည်။ သူမက အနုပညာသစ်နှင့်ဆိုင်သော စောဒကပြဿနာ(သို့မဟုတ်) ဘာသာရပ်တစ်ခု(သို့မဟုတ်) အတွေးအခေါ်သစ်

mgyoe.com

mgyoe.com


"မင်း စိတ်ကူးအယဉ်လွန်လို့ အခုလို ဒုက္ခရောက်ရတာကွ"

ချုပ်တည်းနိုင်စွမ်း ကင်းမဲ့စွာ ဒေါသထွက်နေသော သူမ၏ချစ်သူကို ကြည့်ရင်း သူမအံ့သြနေရပြန်လေသည်။ ချစ်သူ၏အမြဲလိုလို ငြိမ်နေတတ်သော အသွင်အပြင်ကို မမြင်ရ။ သူမ အမြဲတမ်း အထင်ကြီးလေးစားခဲ့ရသော သူ့စိတ်ဓာတ်အင်အားတွေ ဘယ်ရောက်ကုန်ပြီလဲဟု နှမြောတသစွာ တွေးဖြစ်၏။

အသက်ကယ်လှေတစ်စင်းဖြင့် သူမတို့နှစ်ဦးသား ပင်လယ်ထဲ လှော်ရင်းခတ်ရင်း မျောနေသည်မှာ တစ်နေ့နှင့်တစ်ည ကြာမြင့်ခဲ့ပြီ။ မုန်တိုင်းစဲလျှင်စဲချင်း အခြားလှေတစ်စင်းဖြင့် ပါသွားသော စက်လှေအလုပ်သမား သုံးယောက်ကိုပြန်ရှာရန် သူမ အကြံပေးခဲ့သည်။ ထိုအလုပ်သမားတို့အနေဖြင့် မုန်တိုင်းထဲတွင် စက်လှေကိုထိန်းသိမ်းရန် ကြိုးစားနေရသောကြောင့် သူတို့၏လှေပေါ်သို့ ရေနှင့်ရိက္ခာသယ်ရန် အချိန်ရမည်မဟုတ်ကြောင်း သူမ တွေးမိသောကြောင့်ဖြစ်၏။ သို့ရာတွင် သူမ၏ ကရုဏာအကြံပေးချက်အတွက် ချစ်သူထံမှ ပြန်လည်ရရှိသောဆုလာဘ်မှာ မကြားဝံ့မနာသာ ညစ်ညမ်းစွာဆဲရေးလိုက်သည့် စကားလုံးများသာဖြစ်၏။ နောက် ...

"ဒီပင်လယ်ထဲမှာ ကယ်မယ့်သူမတွေ့ဘဲ ဘယ်လောက်ကြာကြာ မျောနေဦးမယ်မှန်းမှ မသိတာ၊ ဒီကောင်တွေအတွက် အစာတွေ ရေတွေ ခွဲပေးထားရဦးမှာလား သောက်သုံးမကျတဲ့ဟာမရဲ့ ... ၊ ရှင်းရှင်းပြောရရင် မင်းကိုတောင်ငါက သထာတာမဟုတ်ဘူး ..."

နောက်တော့ သူမကြောင့် ဒီခရီးကို ထွက်လာမိခဲ့၍သာ ဒုက္ခရောက်ရခြင်းဖြစ်ကြောင်း၊ သူမကို အပြစ်တင်သည့်စကားများ တရစပ်ပြော၏။ ပြောရင်းမောသွားလျှင် ခဏရပ်၏။ နောက်သင်္ဘောတစ်စင်းစင်းနဲ့တွေ့ရင် ကောင်းမှာပဲဟုပြော၏။ လှေကို တစ်ချက်နှစ်ချက်လှော်၏။ နောက် ဟိုကောင်တွေ ဦးရှင်ကြီးကို တင်တာမြှောက်တာ သေသေချာချာ မလုပ်ဘူးနဲ့တူတယ်ဟုပြောရင်း မရှိတော့ပြီဖြစ်သော အလုပ်သမားများကို အသံကုန်ဟစ်ကာ ဆဲရေးတိုင်းထွာ၏။ နောက်လှေကို တစ်ချက်နှစ်ချက်လှော်ပြန်၏။ နောက် ရေငတ်လျှင် ရေဘူးဖွင့်၍သောက်၏။ နောက် သူမဘက်သို့ လှည့်ကာ

mgyoe.com

လေးယောက်ကို သူ မြင်နေရသည်။ လမ်းမကြီးအဆုံးတွင် ဂိတ်တံခါး၀ တစ်ခု ရှိ၏။ ထိုနေရာတွင် အစစ်ဆေးခံရန် တန်းစီနေကြသူအချို့လည်း ရှိနေသည်။ ဂိတ်တံခါးမှ အစောင့်က သူတို့ကို စစ်ဆေးပြီး ကျေနပ်၊ ခွင့်ပြုမှသာလျှင် သူတို့ လူ့ပြည်သို့ ပြန်၀င်ခွင့် ရကြပေလိမ့်မည်။

ဘာဖြစ်လို့ သည်လောက် ရေးကြီးသုတ်ပျာနဲ့ ပြန်ချင်နေကြရတာပါလိမ့်ဟု သူ တွေးကြည့်သည်။ သူတို့တွင် လူ့ဘ၀ကို တပ်မက်စရာအကြောင်းပြချက်ကောင်းကောင်း တစ်ခုစီ ရှိကြပေလိမ့်မည်။ ဥပမာ ဆင်ဆာမဲ့ ဗွီဒီယိုကြည့်ရခြင်း၊ စည်းဝေးပွဲမှဝေသော ဒံပေါက်များ စားရခြင်း၊ လှယဉ်ကျေးမယ်ရွေးပွဲကို တက်ရောက်အားပေးနိုင်ခြင်း၊ သောက်ရေသန့်ဘူး ၀ယ်သောက်နိုင်ခြင်း၊ မော်ဒန်ကဗျာ ဖတ်ခွင့်ရခြင်း။

သူ ပြန်လှည့်ကာ လက်ဖက်ရည်ဆိုင်အတွင်းသို့ ၀င်လိုက်၏။ ငရဲပြည်သည် (ယခင် ထင်ထားခဲ့ဖူးသလောက်) သူနှင့် စိမ်းမနေပါ။ လက်ဖက်ရည်ဆိုင်မှ လေးဖြူ၏ မဥ္စူရိုသီချင်းဖွင့်သံ ကြားရ၏။

[ ၂ ]

သေသွားသောအခါတွင်မှ အသက်ရှင်ခဲ့ဖူးကြောင်းကို သူများပြောပြ၍ သိရခြင်းသည် အတော်ပင် ကြေကွဲစရာကောင်းသည်ဟု သူ ထင်သည်။ သူ သေခဲ့ပြီ။ သတင်းစာတွင်ပါသော နာရေးကြော်ငြာကို မည်သူတွေ ဖတ်ကြမည်နည်း???

ကြော်ငြာပါပြီး ... နောက်နှစ်ရက်အကြာတွင် ထိုသတင်းစာကို ဘယ်မှာ လိုက်ရှာရမည်နည်း??? တကယ်တော့ တစ်နေ့တစ်နေ့ နာရေး ကြော်ငြာတွေ များလွန်းလှသည်ဟု သူ ထင်သည်။ မလိုပါ။ အကောင်းဆုံး မှာ လက်ဖက်ရည်တစ်ခွက် သောက်ပစ်လိုက်ဖို့ပင် ဖြစ်သည်။ သူ လက်ဖက်ရည်ဆိုင်တွင်းသို့ ရောက်ပြီ။

ချောင်အကျဆုံးနေရာတွင် ထိုင်မည်ဟု စိတ်ကူးကာ ထောင့်စွန်းရှိ စားပွဲကို ကြည့်လိုက်သည်။

!!!!! !

ထိုစားပွဲတွင် နာမည်ကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး ထိုင်နေသည်ကို တွေ့

mgyoe.com

mgyoe.com


လိုက်ရ၏။ သူက ထိုပုဂ္ဂိုလ်ကြီးဆီသို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်ပြီး ...

"ဒီ ... ဒီက ဆရာကြီးနာမည်က 'လင်ယုတန်' ဟုတ်ပါတယ်နော်"

ထိုပုဂ္ဂိုလ်ကြီးက သောက်လက်စ ဆေးပေါ့လိပ်ကို ချကာ ပြန်မော့ကြည့်သည်။ သူက လက်ဆွဲနှုတ်ဆက်ရန်အတွက် ညာဘက်လက်ကို ထိုးပေးလိုက်၏။ ကျော်ကြားလှသော လူမှုရေးနှင့် အနုပညာတွေးခေါ်ရှင်ကြီးတစ်ဦးကို ငရဲပြည်တွင် လာရောက်တွေ့ဆုံ မိတ်ဖွဲ့ခွင့်ရသည့်အတွက် ဘုရားသခင်ဆိုသူကိုလည်းကောင်း၊ ကံကြမ္မာဆိုသူကိုလည်းကောင်း၊ အခြား တစ်စုံတစ်ယောက်ကိုသော်လည်းကောင်း၊ လက်ဆောင်တစ်ခုခု ပေးပို့ကာ ကျေးဇူးတင်ကြောင်း ပြောရဦးမည်။

သူက ညာလက်ကို တယမ်းယမ်းလုပ်ရင်း။

"ဆရာ့ကို အရမ်းလေးစားတယ်ဗျာ။ တကယ်ပါ။ ကျွန်တော် လူ့ပြည်မှာတုန်းက ဆရာ့စာအုပ်တွေဆို သိပ်ဖတ်၊ သိပ်ကြိုက်ခဲ့တာ။ အဲ ... မူရင်းဘာသာနဲ့တော့ မဖတ်နိုင်ဘူးပေါ့။ ဘာသာပြန်ထားတဲ့ The little Critic တို့ The Importance of Living တို့ ဘာညာတွေပေါ့။ အဲ ... အဲဒီ ဘာသာပြန်တွေပဲ ဖတ်ရတာ။ ဒါနဲ့ နေပါဦး၊ ဆရာက အခုမှ ဒီကို ရောက်တာလား? လူ့ပြည်ကို ပြန်မှာလား? "

လင်ယုတန်က ချထားသောဆေးပေါ့လိပ်ကို ပြန်ကောက်၍ဖွာရင်း သူ့ကို မျက်လုံးပြူး၍ ကြည့်၏။ ပြီး ဘေးတွင်ထိုင်နေသော ဝေတီဘက် လှည့်ကြည့်လိုက်ပြန်သည်။

ဘေးတွင် ထိုင်နေသူကား ... ကုလားအုတ်တစ်ကောင်!!!

ကျော်ကြားလှသော တွေးခေါ်ပညာရှင်ကြီးတစ်ဦးနှင့် ကုလားအုတ်တစ်ကောင် အတူတူထိုင်၍လက်ဖက်ရည်သောက်နေကြပုံကို မြင်ရသည်မှာ အနည်းငယ်ထူးဆန်းသည်ဟု သူ့စိတ်ထဲ အောက်မေ့မိ၏။

"ကျုပ် အခုပဲ လူ့ပြည် ပြန်တော့မလို့ပါ"

လင်ယုတန်၏အသံက ခပ်တိမ်တိမ်။ လက်ဖက်ရည်ဆိုင်ထဲတွင် တဝုန်းဝုန်း ညှပ်ပိတ်ရိုက်ခတ်နေသော လူသံ၊ သီချင်းသံတို့ကြောင့် ဖြစ်မည်ဟု သူ တွေးလိုက်၏။ သူက ...

mgyoe.com

mgyoe.com


ပြောင်းပေးမယ့် လက်ဖက်ရည်မျိုးတွေဟာ လက်ရှိခေတ်ပြိုင်မျိုးဆက်အတွက် သိပ်ရှားပါးနေပြီဆိုတာ ဆရာ သတိပြုမိရဲ့လား"

"ဝေးဝေးမကြည့်နဲ့၊ အခု ကျွန်တော်တို့ သောက်နေရတဲ့ လက်ဖက်ရည်ကိုပဲ ကြည့်၊ အတွေးအခေါ်သစ်ကို စိန်ခေါ်တဲ့ ... "

"ဟော့ကောင် ... သောက်ရူး၊ မင်း ဘာတွေလာပြောနေတာလဲ"

ခပ်ပြင်းပြင်း ရိုက်ခွဲခံလိုက်ရသော မှန်တစ်ချပ်လို သူ ကွဲအက်မွကြေသွားသည်။ အဘိဓမ္မာဆရာကြီးတစ်ဦး၏ လျှာသည် သည်မျှရိုင်းစိုင်းရင့်သီးသော စကားလုံးများကို ဘယ်လိုများ ပက်ထုတ်လိုက်နိုင်ပါလိမ့်ဟု တွေးရင်း သူ အိုးတိုးအမ်းတမ်း ဖြစ်နေ၏။ ဘေးတွင်ထိုင်နေသော ကုလားအုတ်က ...

"လုပ်ပါဦးဗျာ၊ ခင်ဗျားစကား ဆက်ပါဦး"

ဟု အားနာသောမျက်လုံးများဖြင့် ထောက်ပေး၏။ သို့သော် သူ စကားဆက်ရန် မတတ်နိုင်တော့။

အတုန်တုန် အလှုပ်လှုပ်ဖြင့်ပင် နောက်ထပ်ပြောရန် အကြောင်းအရာသစ်တစ်ခုကို ကမန်းကတန်း ရှာဖွေနေမိသည်။ အဘိဓမ္မာဆရာကြီးကတော့ ကုန်သွားသော လက်ဖက်ရည်အိုးကို မြှောက်ပြကာ ထပ်မှာနေ၏။ ထို့ကြောင့် သူက ...

"ဒါ ဘယ်နှအိုးမြောက်လဲ ဆရာ?"

အဘိဓမ္မာဆရာကြီးကတော့ စိုထိုင်းပြီး ရွှံ့ရာဖွယ် အကျိအချွဲများပြည့်နေသည့် ပါးစပ်ကြီးကိုဖြဲကာ မင်းနဲ့ ဘာဆိုင်လို့လဲကွဟု ဟောက်၏။ သူက မျက်နှာကို အစွမ်းကုန်ချိုထားရင်း . . .

"သြော် ...ဆရာ့ရဲ့ လက်ဖက်ရည်သောက် အဘိဓမ္မာထဲမှာ ပထမတစ်အိုးကို ဆယ့်သုံးနှစ်သမီးလေးနဲ့ နှိုင်း၊ ဒုတိယအိုးကို ဆယ့်ခြောက်နှစ်အပျိုမလေးနဲ့ နှိုင်း၊ တတိယအိုးကို အမျိုးသမီးကြီးတစ်ယောက်နဲ့နှိုင်းဆိုတော့ အင်း အခုတစ်အိုးကို ဆရာ ဘယ်လိုများ"

"မုဆိုးမနဲ့သာ နှိုင်းလိုက်တော့"

အဘိဓမ္မာဆရာနှင့် စကားဆက်ပြောရန် မဖြစ်တော့မှန်း သူ နောက်ကျစွာ နားလည်လိုက်၏။ ကုလားအုတ်က သူ့ကို မဝံ့မရဲကြည့်ရင်း အားနာ

mgyoe.com

